# YANGON STOCK EXCHANGE

ရန်ကုန်စတော့အိပ်ချိန်းမှထုတ်ဝေသောသုံးလပတ်သတင်းလွှာ

ဧပြီလ၊ ၂၀၂၆ ၊ စာစဉ်.၂၀

- “Preparing Today, Leading Tomorrow: How Companies Can Learn from ASPGB’s Pre-Listing Experience” ခေါင်းစဉ်ဖြင့် အထူးစကားဝိုင်းဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်
- စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အပတ်စဉ် (၀၀၁/၂၀၂၆) ဖွင့်လှစ်
- ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များ လာရောက်
- စာရင်းဝင်ကုမ္ပဏီများနှင့် မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ
- စတုတ္ထသုံးလပတ်အတွင်း စတော့ဈေးကွက်အခြေအနေများ




## “Preparing Today, Leading Tomorrow: How Companies Can Learn from ASPGB’s Pre-Listing Experience” ခေါင်းစဉ်ဖြင့် အထူးစကားဝိုင်း ဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်

“Preparing Today, Leading Tomorrow: How Companies Can Learn from ASPGB’s Pre-Listing Experience” ခေါင်းစဉ်ဖြင့် အထူးစကားဝိုင်း ဆွေးနွေးပွဲကို ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ရန်ကုန်စတော့အိပ်ချိန်း၏ Facebook၊ YouTube၊ Viber Community နှင့် Telegram Channel တို့မှ တစ်ဆင့် ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်စတော့အိပ်ချိန်း၏ Pre-Listing Board (PLB) တွင် ဒုတိယမြောက် မှတ်ပုံတင်ထားသော ကုမ္ပဏီ ဖြစ်သည့် ASPGB Co., Ltd. ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အတွေ့အကြုံများကို မျှဝေခြင်း၊ အလားအလာရှိသော အများပိုင်ကုမ္ပဏီများအနေဖြင့် လိုအပ်သော အရင်းအနှီးများကို PLB မှတစ်ဆင့် မည်သို့လွယ်ကူစွာ ရှာဖွေနိုင်မည် ဆိုသည့် အသိပညာများ ဖြန့်ဝေခြင်းနှင့် စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ (Full Listing) ဖြစ်လာစေရန် အထောက်အကူပြုမည့် PLB ၏ အခန်းကဏ္ဍနှင့် အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။







## ရန်ကုန်စတော့အိပ်ချိန်းသို့ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များ လာရောက်

KMD College မှ သင်တန်းသား/သူ (၅၇) ဦး ပါဝင်သော လေ့လာရေးအဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရန်ကုန်စတော့အိပ်ချိန်းသို့ လေ့လာရေးခရီး လာရောက်ခဲ့ကြပါသည်။ အဆိုပါ ခရီးစဉ်အတွင်း ရန်ကုန်စတော့အိပ်ချိန်းမှ လုပ်ငန်းပိုင်းဆိုင်ရာ အရာရှိချုပ် ဦးမင်းသူမှ “Overview of Capital Market” ခေါင်းစဉ်ဖြင့် အရင်းအနှီး ဈေးကွက်ဆိုင်ရာ သိကောင်းစရာများနှင့်စတော့ရှယ်ယာအရောင်းအဝယ်ပြုလုပ်ပုံအဆင့်ဆင့်ကိုရှင်းလင်းပို့ချအသိပညာမျှဝေပေးခဲ့ပါသည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို ရန်ကုန်စတော့အိပ်ချိန်းမှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး လေ့လာရေးလာရောက်လိုပါက ရုံးချိန်အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

စာမျက်နှာ- ၂ သို့




## စတော့ရှင်းနီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အပတ်စဉ် (၀၀၁/၂၀၂၆) ဖွင့်လှစ်

ရန်ကုန်စတော့အိပ်ချိန်း၏ စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အပတ်စဉ် (၀၀၁/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ စတော့ဈေးကွက်ကို စတင်လေ့လာမည့်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စတော့ဈေးကွက်၏ အခြေခံသဘောတရားများကို အချိန်တိုအတွင်း အွန်လိုင်းမှ တဆင့် လွယ်လင့်တကူ လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ YSX တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသည့်ဆရာများနှင့် ပြင်ပမှ ဘဏ္ဍာရေး ကျွမ်းကျင်သူပညာရှင်များ ကိုယ်တိုင် သင်ကြားပို့ချပေးသော သင်တန်းဖြစ်ပါသည်။ သင်တန်းကာလမှာ ၅ ပတ် ကြာမြင့်ခဲ့ပြီး သင်တန်းသား (၁၃၀) ကျော် တက်ရောက်ခဲ့ပါသည်။

### စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ

### ဇန်နဝါရီ-ဖေဖော်ဝါရီ-မတ်-၂၀၂၆

*MCB*

- လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များထုတ်ဝေမှု၏ရလဒ်အားထုတ်ပြန်

*FPB*

- ဒုတိယအကြိမ် အမြတ်ဝေစု ခွဲဝေပေးမည့် အစီအစဉ်အား အသိပေးအကြောင်းကြားခြင်း
- အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း
- ဆုကြေးရှယ်ယာ ခွဲဝေမည့်ကိစ္စရပ်အား အသိပေး အကြောင်း ကြားခြင်း

*AMATA*

- ကြားဖြတ်စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန် ခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ် ချက်များ ထုတ်ပြန် ခြင်း

*MAEX*

- အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

*ASPGB*

- ဘဏ္ဍာရေးရှင်းတမ်းများအပေါ်စီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များ ထုတ်ပြန် ခြင်း

## LISTED & REGISTERED COMPANIES UPDATES (Q4-2025-26)

■ **MCB | Feb 2026**

**လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေမှု၏ရလဒ်အား ထုတ်ပြန်ကြေညာခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှ လွှဲပြောင်းရောင်းချခွင့်မရှိသောအခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များထုတ်ဝေမှု၏ရလဒ်အား အများပြည်သူ သိသာစေရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/mkSQs

■ **FPB | Feb 2026**

**ဒုတိယအကြိမ် အမြတ်ဝေစု ခွဲဝေပေးမည့် အစီအစဉ်အား အသိပေးအကြောင်းကြားခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဒုတိယအကြိမ် အမြတ်ဝေစုခွဲဝေပေးမည့်ကိစ္စရပ်ကို အစုရှယ်ယာရှင်များထံ အသိပေး အကြောင်းကြားခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/sVxq9

■ **FPB | Feb 2026**

**အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင် ဥက္ကဋ္ဌ ဦးကျော်တင် ကွယ်လွန်သွားကြောင်း အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/6aWgU

■ **FPB | Mar 2026**

**ဆုကြေးရှယ်ယာ ခွဲဝေမည့်ကိစ္စရပ်အား အသိပေးအကြောင်းကြားခြင်း**

၂၀၂၆ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ဆုကြေးရှယ်ယာ ခွဲဝေမည့်ကိစ္စရပ်အား အစုရှယ်ယာရှင်များသို့ အသိပေး ကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/rwIFU

■ **AMATA | Feb 2026**

**ကြားဖြတ်စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် AMATA ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ ကြားဖြတ်စုပေါင်း ဘဏ္ဍာရေးရှင်းတမ်းများကို အစုရှယ်ယာရှင်များ သိသာစေရန် ထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/b8Paq

■ **AMATA| Feb 2026**

**စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်များ ထုတ်ပြန် ခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် AMATA ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေး နှစ်ဝက် ကာလအတွက် လုပ်ငန်းရလာဒ်များအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးမှုများနှင့် ခွဲခြမ်းစိတ်ဖြာမှု အစီရင်ခံစာအား အစုရှယ်ယာရှင်များသို့ အသိ ပေး ထုတ်ပြန် ခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/zt2Vs

■ **MAEX | Feb 2026**

**အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် MAEX ကုမ္ပဏီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ လူမှုကွန်ယက်ပေါ်မှ အချက်အလက်အမှားများကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/QWzVb

■ **ASPGB | Jan 2026**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ခြင်း**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ဂျီဘီအက်စ် လယ်ယာဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စီမံအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/UT7fv

စာမျက်နှာ- ၃ သို့

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်စတုတ္ထလေးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


## Continuous Trading + Block Trading (Main Board+ Pre Listing Board )

| STATISTCS AT A GLANCE | Q3-25/26 (Oct-Dec) | Q4-25/26 (Jan-Mar) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | ၆၅ | ၅၈ | |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | ၈ | ၈ | |
| မှတ်ပုံတင်ကုမ္ပဏီအရေအတွက် | ၂ | ၂ | |
| စတော့အညွှန်းကိန်း (MYANPIX) | ၄၁၆.၅၈ | ၆၄၄.၁၈ | ၃၅% |
| စတော့အညွှန်းကိန်း (PLB Index) | ၂၉၁၅.၃၈ | ၃၅၀၅.၆၁ | ၁၇% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (Main Board) | ၆၀၁,၉၉၀ | ၁,၅၄၄,၈၅၉ | ၆၁% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (PLB) | ၆၅,၁၂၈ | ၂၉၂,၇၄၇ | ၇၈% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (MB+PLB) | ၆၆၇,၁၁၈ | ၁၈၃၇,၆၀၆ | ၆၄% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ (MB+PLB) | ၁၁,၇၀၄ | ၃၁,၆၈၃ | ၆၃% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB) | ၂,၀၆၃ | ၅,၈၁၉ | ၆၅% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB) | ၄၇၈ | ၁,၃၉၆ | ၄၆% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB) | ၂,၈၁၁ | ၇,၂၁၄ | ၆၁% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB) | ၄၉ | ၁၂၄ | ၆၀% |
| ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB+PLB) | ၉၅၅,၀၁၇ | ၁,၂၉၆,၀၁၅ | ၂၆% |


## QUARTERLY STOCK PERFORMANCE (Q4- 2025-26)

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စတုတ္ထလေးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading Only





ရှယ်ယာစောင်ရေစုစုပေါင်း - ၄၀,၈၅၂
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၂၈.၄၆





ရှယ်ယာစောင်ရေစုစုပေါင်း - ၁၃၈,၇၉၃
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၇၃၁.၀၇





ရှယ်ယာစောင်ရေစုစုပေါင်း - ၉,၂၆၈
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၇၅.၉၉




ရှယ်ယာစောင်ရေစုစုပေါင်း - ၃၄၅,၃၅၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁,၂၃၈.၂၆




ရှယ်ယာစောင်ရေစုစုပေါင်း - ၉,၇၇၅
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၀.၃၁





ရှယ်ယာစောင်ရေစုစုပေါင်း - ၁၉၆,၀၃၅
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၂၇.၂၄


continued Pg.4

# QUARTERLY STOCK PERFORMANCE (Q4- 2025-26)


**Continuous Trading Only**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၁၂,၀၀၇**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၇.၆၂**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၇၀,၀၂၃**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၃၂.၉၄**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၈၂၂,၁၀၃**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃,၁၁၁.၉၁**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၁၀၅,၈၄၀**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) -၂၈၂.၈၆**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၉,၉၀၇**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၂၅.၃၃**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၁၁၅,၇၄၇**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၇၀၈.၁၉**

## MYANPIX နှင့် PLB ညွှန်းကိန်းများ အကျဉ်းချုပ် သုံးသပ်ချက်

### MYANPIX ညွှန်းကိန်း

- MYANPIX ညွှန်းကိန်းသည် စတုတ္ထသုံးလပတ်အတွင်း upward trend ကိုပြသခဲ့ပါသည်။ အညွှန်းကိန်း  သည် တတိယသုံးလပတ် (အောက်တို ဘာ-ဒီဇင်ဘာ) တွင် ၄၁၆.၅၈ ရှိရာမှ စတုတ္ထသုံးလပတ် (ဇန်နဝါရီ-မတ်) တွင် ၆၄၄.၁၈ မှတ်သို့ ရောက်ရှိခဲ့ပြီး သုံးလပတ်အတွင်း ၃၅% ခန့် တိုးတက်မှု ရှိခဲ့ပါသည်။
- လတ်တလော ဈေးကွက်အတက်အကျနှင့် အရောင်းအဝယ်ဖြစ်စဉ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် MYANPIX ညွှန်းကိန်း မြင့်တက်ရခြင်းအတွက် အဓိက အကြောင်းရင်းများမှာ
    - MTSH၊ FMI နှင့် FPB အပါအဝင် ဦးဆောင်စတော့များ၏ဈေးနှုန်းများ ခိုင်မာစွာ တိုးတက်လာခြင်း၊ အထူးသဖြင့် MTSH ၏ ဈေးနှုန်းမြင့်တက်မှုက အဓိက အခန်းကဏ္ဍမှ ပါဝင်ခြင်း
    - ပုံမှန်ရောင်းဝယ်မှုများတွင်သာမက အစုလိုက်ရောင်းဝယ်မှု (Block Trades) များတွင်ပါ အရောင်းအဝယ်ဖြစ်မြောက်သည့် ပမာဏ (Trading Volume) နှင့် ငွေဖြစ်လွယ်မှု (Liquidity) ပိုမိုကောင်းမွန်လာခြင်း

### PLB ညွှန်းကိန်း

- PLB ညွှန်းကိန်းသည်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ စတုတ္ထသုံးလပတ် (ဇန်နဝါရီ-မတ်) အတွင်း upward trend ကိုပြသခဲ့ပါသည် ယခင်သုံးလပတ် (အောက်တိုဘာ-ဒီဇင်ဘာ) တွင် ၂,၉၁၅.၃၈ ရှိရာမှ ယခု သုံးလပတ်ကုန်တွင် ၃,၅၀၅.၆၁ သို့ ရောက်ရှိခဲ့ပြီး ၁၇% ခန့်တိုးတက်မှု ရှိခဲ့ပါသည်။
- အဆိုပါ တိုးတက်မှုသည် Pre-Listing Board အတွင်း အရောင်းအဝယ်ဆောင်ရွက်ချက်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ပါဝင်ရောင်းဝယ်မှု ပိုမိုမြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။ရောင်းဝယ်မှု ပမာဏသည် ၇၈% အထိ သိသိသာသာ တိုးလာပြီး ရောင်းဝယ်မှု တန်ဖိုးမှာလည်း ၄၆% တိုးတက်ကာ ငွေဖြစ်လွယ်မှု ပိုမိုကောင်းမွန်လာကြောင်း ညွှန်ပြနေပါသည်။
- ခြုံငုံသုံးသပ်ရလျှင် PLB အညွှန်းကိန်း၏ အတက်ဘက်သို့ ဦးတည်နေမှုသည် Pre-Listing Board ဈေးကွက်အပေါ် စိတ်ဝင်စားမှုနှင့် ပိုမိုအားကောင်းလာမှုကို ထင်ဟပ်ဖော်ပြနေပါသည်။"